လူ့အခွင့်အရေးအခြေအနေ, သတင်းများ

လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများ (၂၀၂၄ ခုနှစ်၊ ဧပြီလ(၁၅)ရက်မှ (၂၁) ရက်နေ့ထိ)

၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၅)ရက်မှ (၂၁)ရက် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

ဧပြီ (၁၅)ရက်နေ့မှ (၂၁)ရက် အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် လေကြောင်းအသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်း များ ပြုလုပ်ခဲ့သည်။ ကရင်ပြည်နယ်တွင် စစ်အာဏာရှင် တပ်က ဓာတုအဆိပ်ဗုံး အသုံးပြုခြင်းများ ရှိခဲ့သည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနား အကျဉ်းထောင်တွင် စစ်အာဏာရှင်တပ်သားများနှင့် ရဲများ ဝင်ရောက်ပစ်ခတ်မှုကြောင့် နိုင်ငံရေး အကျဉ်းသား (၂)ဦး အပါအဝင် (၄)ဦး သေဆုံးခဲ့သည်။ စစ်အာဏာရှင်တပ်က ပဲခူးတိုင်းဒေသကြီး ပေါင်းတည် မြို့မှ စစ်မှုမထမ်း လိုသော လူငယ်ကို အမှုဖွင့်ခြင်း၊ မိခင်ကို ဓားစာခံ အဖြစ်ဖမ်းဆီးခြင်းများ ပြုလုပ်လျှက်ရှိသည်။

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၂၀)နီးပါး သေဆုံးခဲ့ပြီး (၁၀)ဦးကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက် မှု များကြောင့် အသက်မပြည့်သူ (၃)ဦး သေဆုံးခဲ့ရပြီး (၂)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင် တပ်သားများ၏ မြေမြှုပ်မိုင်းကြောင့် ရခိုင်ပြည်နယ်၊ စစ်တွေ ပြည်သူ (၅)ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။